အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အာမခံလုပ်ငန်းများ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် အသေးစိတ်လိုက်နာဆောင်ရွက်ရေးလမ်းညွှန်လက်စွဲ မူဝါဒ

၁။ မြန်မာနိုင်ငံတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို တိုက်ဖျက်ရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်နည်းဥပဒေများ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအမိန့်နှင့် လုပ်ငန်းဆက်သွယ်ဆောင်ရွက်သူများအပေါ် စိစစ်ဆောင်ရွက်ရေး လမ်းညွှန်ချက်များကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။ ယင်းကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ၊ အာမခံလုပ်ငန်းများ၊ ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် ပုဂ္ဂိုလ်များအား **ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (င၊ ဆ၊ ဇ) အရ သတင်းပို့အဖွဲ့အစည်း** အဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ **သတင်းပို့အဖွဲ့အစည်း**များသည် သံသယဖြစ်ဖွယ်ရှိသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ လုပ်ဆောင်မှုများအား ဟန့်တားခြင်း၊ ရှာဖွေဖော်ထုတ်ခြင်းနှင့် သတင်းပို့ခြင်းတို့အတွက် မူဝါဒများနှင့် လုပ်ငန်းအတွင်းပိုင်း ထိန်းချုပ်မှုများကို ကောင်းမွန်စွာဆောင်ရွက်ရန် တာဝန်ရှိပါသည်။

၂။ သတင်းပို့ အဖွဲ့အစည်းများအနေဖြင့် အောက်ပါလုပ်ငန်း အစီအစဉ်များအား လိုက်နာဆောင်ရွက်ပြီးလျှင် နောက်ဆက်တွဲများတွင် ဖော်ပြထားသည့်အတိုင်း မှတ်တမ်းများအား ပြုစုထားရှိရပါမည် -

(က) **လုပ်ငန်းနှင့် ဆက်သွယ်လုပ်ကိုင်သူ၏ အကြောင်းအရာကို သိရှိထားရန်၊ နောက်ဆက်တွဲ (က)**

(၁) ပိုင်ရှင်၏ အမည်နှင့် ရာထူး၊ ဝင်ငွေအရင်းအမြစ် (သို့မဟုတ်) လုပ်ငန်းစတင်ထူထောင်သည့် ငွေရရှိရာ ဇာစ်မြစ်၊ ဖုန်းနံပါတ်နှင့် ဆက်သွယ်ရမည့် လိပ်စာ၊ မှတ်ပုံတင်စသည့် အချက်အလက်များ ရယူထားရန်၊

(၂) ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများ၏ အမည်နှင့် ရာထူး၊ ဝင်ငွေအရင်းအမြစ်၊ ဖုန်းနံပါတ်နှင့် ဆက်သွယ်ရမည့် လိပ်စာ၊ မှတ်ပုံတင်စသည့် မှတ်တမ်းရယူထားရန်၊

(၃) အစုရှယ်ယာရှင်များ၏ ရန်ပုံငွေအရင်းအမြစ်၊ တယ်လီဖုန်းနံပါတ်နှင့် ဆက်သွယ်ရမည့် လိပ်စာ၊ မှတ်ပုံတင်၊ အမည်နှင့် ရာထူးစသည့်သတင်းအချက်အလက် ရယူထားရန်၊

(၄) အကျိုးခံစားခွင့်ရှိသူ/အကျိုးစီးပွားတူပိုင်ရှင်များ၏ အမည်နှင့် ရာထူး၊ လုပ်ငန်းထူထောင်ငွေရရှိရာ အရင်းအမြစ်၊ ဖုန်းနံပါတ်နှင့် ဆက်သွယ်ရမည့် လိပ်စာ၊ မှတ်ပုံတင်အမှတ် ရယူထားရန်၊

(၅) နိုင်ငံရေးအရသြဇာတိက္ကမရှိသူ ပုဂ္ဂိုလ်တို့၏ အမည်နှင့် ရာထူး၊ ဝင်ငွေအရင်းအမြစ်၊ ဖုန်းနံပါတ်နှင့် ဆက်သွယ်ရမည့် လိပ်စာ၊ မှတ်ပုံတင်အမှတ် ရယူထားရန်၊

(၆) လုပ်ငန်းနှင့်သက်ဆိုင်သော ဥပဒေရေးရာပုဂ္ဂိုလ်၏ အမည်နှင့် ရာထူး၊ တယ်လီဖုန်းနံပါတ်နှင့် ဆက်သွယ်ရမည့် လိပ်စာ၊ မှတ်ပုံတင်အမှတ် ရယူထားရန်၊

(၇) လုပ်ငန်းနှင့် ဆက်သွယ်သူဖောက်သည်များ၏ အချက်အလက်များကို မှတ်တမ်းထားရန်၊

(ခ) ငွေပေးငွေယူဆိုင်ရာ သတင်းအချက်အလက်ပေးပို့ခြင်းကို ဆောင်ရွက်ပေးမည့် တာဝန်ခံဆောင်ရွက်မည့်သူ အရာရှိခန့်ထားရန်၊ နောက်ဆက်တွဲ (ခ)

(၁) တာဝန်ခံဆောင်ရွက်မည့်သူ၏ အမည်၊ ဖုန်းနံပါတ်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ် ရန် လိပ်စာ၊ ပညာအရည်အချင်းဖော်ပြပြီး FIU သို့ သတင်းပို့ရန်၊ ယင်း၏တာဝန် ဝတ္တရားများကို သတ်မှတ်ထားရန်၊

(၂) AML/CFT လိုက်နာမှု အစီအစဉ်ကို စိစစ်နိုင်စွမ်းရှိမည့် ဆောင်ရွက်မည့်သူ အရာရှိအသစ် ပြောင်းလဲပါက ယင်း၏အရည်အချင်း မှတ်တမ်းထားရှိပြီး FIU သို့ သတင်းပို့ရန်၊

(၃) တာဝန်များမှာ အတည်ပြု ဖော်ထုတ်ခဲ့သည့် သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှုများနှင့် ပါဝင်သည့် အကြောင်းအရာများ၊ ဝန်ထမ်းများ၏ ဆောင်ရွက်ချက်နှင့် AML/CFT မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်နှင့် ထိန်းချုပ်မှုများ အားကောင်းလာစေရန်အတွက် AML/CFT စနစ်များတွင် စာရင်းများအား လွတ်လပ်စွာ စုံစမ်းစစ်ဆေးထားသည့် ရလဒ်များ၊ FIUနှင့် သက်ဆိုင်ရာ ကြီးကြပ်ရေးအာဏာပိုင် အဖွဲ့အစည်းများ၏ ကွင်းဆင်းစစ်ဆေးမှု ရလဒ်များစသည်တို့အပေါ် ပုံမှန်အစီရင်ခံစာအား ဒါရိုက်တာဘုတ် အဖွဲ့သို့ တိုက်ရိုက်သတင်းပို့ တင်ပြခွင့်ရရှိရန်၊ အားနည်းချက်များ လျော့နည်းကျဆင်းရန်အတွက် ၎င်းတို့၏သတင်းပို့ အဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ဆောင်ချက်များ၊မဖြစ်မနေလိုအပ်သောမည်သည့်စာ

ရွက်စာတမ်းများ၊ မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် ငွေစာရင်းများကိုမဆို ကြည့်ရှုအသုံးပြုနိုင်ခွင့် ရရှိရန်၊

(ဂ) **ဖွဲ့စည်းပုံ ဇယားထားရှိရန်၊**

လုပ်ငန်းတွင်အဆင့်ဆင့် တာဝန်ယူဆောင်ရွက်နေသည့် ဖွဲ့စည်းပုံဇယား ပြုစုထားပြီး ပေးပို့ရန်၊

(ဃ) **ငွေစာရင်းပြင်ဆင်ရန်၊ နောက်ဆက်တွဲ (ဂ)**

ငွေစာရင်းပိုင်းပြင်ဆင်မှုအတွက် လုပ်ငန်း၏ ဝင်ငွေထွက်ငွေ ရငွေနှင့် စရိတ်စာရင်း၊ အရှုံးအမြတ်စာရင်း၊ လက်ကျန်ရှင်းတမ်းပြုစုရန်နှင့် မိမိဌာနတွင်း စစ်ဆေးထားရှိမှု မှတ်တမ်းထားရန်၊ ဌာနတွင်းစစ်ဆေးမှုကို (၃)လတစ်ကြိမ် ပြုလုပ်ရန်၊ မှတ်တမ်း ထားရန်၊ (၁)နှစ် တစ်ကြိမ် ပြင်ပစာရင်းကိုင်ဖြင့် စစ်ဆေးရန်၊အစီရင်ခံစာကို မှတ်တမ်း ထားရန်နှင့် စာရင်းစစ်အစီရင်ခံစာကို AML/CFT ကြီးကြပ်သူနှင့် ရုံးချုပ်ထံသို့ တင်ပြ ရန်၊

(င) **သင်တန်းပို့ချခြင်း ဆောင်ရွက်ရန်၊ နောက်ဆက်တွဲ (ဃ)**

သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေး/ပစ္စည်းလွှဲပြောင်းမှုကို ဆောင်ရွက်ပေးရ သည့် ဝန်ထမ်းများအား ချမှတ်ပေးထားသည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ မူဝါဒ၊ လုပ်ငန်းစဉ်များ အတိုင်းလိုက်နာဆောင်ရွက်မှု ရှိ/မရှိကို စိစစ်ကြပ်မတ်ခြင်း၊ငွေကြေးခဝါချမှု တိုက်ဖျက် ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ ပေးခြင်းနှင့် သင်ကြားလေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ရပါမည်။လက်ရှိနှင့် အသစ် ခန့်ထားသည့်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်သူများသို့မဟုတ် အုပ်ချုပ်သူများ၊ ဒါရိုက်တာ အဖွဲ့ဝင်များ၊ ဒါရိုက်တာများ၊ ဝန်ထမ်းများအားလုံးကို စဉ်ဆက်မပြတ်လေ့ကျင့် သင်တန်းပေးရန်၊ ဝန်ထမ်းများအား AML/CFT သင်တန်းပို့ချရန်နှင့် ပို့ချသည့်မှတ်စု၊ တက်ရောက်သူ စာရင်းပြုစုထားရန်၊

(စ) သတင်းပို့ခြင်း ဆောင်ရွက်ရန်၊

ငွေကြေးလွှဲပြောင်းမှုနှင့် သံသယဖြစ်ဖွယ် သတင်းပို့မှုအတွက် ငွေကြေး / ပစ္စည်း လွှဲပြောင်းမှုဆိုင်ရာ အခြေအနေများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၃၂၊ ၃၄၊ နည်းဥပဒေ ၄၉၊ ၅၀၊ ၅၁၊ ၅၂ အရ သတင်းပို့ရန် တာဝန်ရှိပါသည်။ သတင်းပို့

အဖွဲ့အစည်းများသည် စီးပွားဆက်ဆံဆောင်ရွက်မှု တစ်ခုချင်းအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်။ ယခင် သိရှိထားသည့်ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာအချက်အလက်များ၊ စီးပွားရေးဆိုင်ရာဆောင်ရွက်ချက်များ၊ ငွေကြေးခဝါချမှုဆိုင်ရာ အန္တရာယ်ရှိနိုင်ခြေများနှင့် ယခုပြုလုပ်သည့် ငွေကြေး/ပစ္စည်းလွှဲပြောင်း ဆောင်ရွက်မှုတစ်ခုချင်းစီကို ယှဉ်ထိုးသုံးသပ်စိစစ်ရမည်။ လိုအပ်ပါကငွေကြေးဇာစ်မြစ်ကိုလည်းစိစစ်ရမည်။ FIU အဖွဲ့သို့သတ်မှတ်နည်းလမ်းအတိုင်း သတင်းပေးပို့ရပါမည်။ FIU အဖွဲ့ထံသို့ သတင်းပေးပို့ရမည့် သတ်မှတ်ချက်များမှာ တန်ဘိုးပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ တစ်သောင်းခွဲနှင့်အထက်ဖြစ်သော ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်း ဆောင်ရွက်မှုဖြစ်လျှင် သတင်းပေးပို့ရမည် ဖြစ်ပါသည်။ ထိုလွှဲပြောင်းဆောင်ရွက်မှုသည် တစ်ကြိမ်တည်းဖြင့် သတ်မှတ်ပမာဏဖြစ်သည့် ဒေါ်လာတစ်သောင်းခွဲ မပြည့်သော်လည်း ဆက်နွယ်သည့် အကြိမ်များမှ လွှဲပြောင်းပမာဏများကို ထည့်သွင်းပါက သတ်မှတ်ပမာဏ ပြည့်မီကျော်လွန်သည့် လွှဲပြောင်းဆောင်ရွက်မှုများကိုလည်း သတင်းပေးပို့ရမည်ဖြစ်ပါသည်။ ထို့အပြင်ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုတစ်ခုခုသည် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်ကြောင်း သံသယရှိလျှင် သတင်းပို့ရမည် ဖြစ်ပါသည်။ လွှဲပြောင်းဆောင်ရွက်မှု ပြုလုပ်သည့် ငွေကြေး/ပစ္စည်းသည် တရားမဝင်သော နည်းလမ်းဖြင့် ရရှိထားသည့်ငွေကြေး/ပစ္စည်းဖြစ်သည်ဟုသံသယဖြစ်ဖွယ်အကြောင်းရှိလျှင်သတင်းပေးပို့ရပါမည်။ငွေကြေး/ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုဟုဆိုရာတွင် ပြီးမြောက်သောလွှဲပြောင်း ဆောင်ရွက်မှုကို သာမက လွှဲပြောင်းဆောင်ရွက်မှုမပြီးမြောက်သော်လည်း လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်ခြင်းကိုပါ သတင်းပို့ရမည် ဖြစ်ပါသည်။ ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော်ငွေလွှဲပြောင်းသူ၏ အမည်နှင့်ရာထူး၊ ဝင်ငွေရရှိရာ ဇာစ်မြစ်၊ တယ်လီဖုန်းနံပါတ်နှင့် ဆက်သွယ်ရမည့်လိပ်စာ၊ မှတ်ပုံတင်၊ ပတ်စ်پို့အမှတ်စသည့် အချက်အလက်များအား AML/CFTကြီးကြပ်သူနှင့်ရုံးချုပ်သို့တင်ပြရန်၊ပုံမှန်မဟုတ်သောသံသယဖြစ်ဖွယ်ရှိသော ငွေလွှဲပြောင်းမှုကိုလည်းကောင်း၊ပြစ်ဒဏ်၊ ပြစ်မှုနှင့် ပတ်သက်နေသော ငွေပေးချေမှု လွှဲပြောင်းမှုများကိုလည်းကောင်း၊ တစ်နေ့လျှင် သတ်မှတ်ထားသော ငွေလွှဲပြောင်း ပမာဏထက်ပိုများသည့်ငွေလွှဲပြောင်းမှုဖြစ်စဉ်အတွက် ငွေလွှဲပြောင်းသူ၏ အမည်နှင့်

ရာထူး၊ ဝင်ငွေရရှိရာဇာစ်မြစ်၊ တယ်လီဖုန်းနံပါတ်နှင့် ဆက်သွယ်ရမည့်လိပ်စာ၊ မှတ်ပုံတင်၊ ပတ်စ်پို့အမှတ်စသည့် အချက်အလက်များအား FIU သို့ သတင်းပို့ရန်၊ သတင်းပို့ရမည့် နည်းလမ်းများမှာ FIU ၏ သက်ဆိုင်ရာ သတင်းပို့ပုံစံကို ပြည့်စုံစွာ ဖြည့်စွက်၍လျှို့ဝှက်အဆင့် သတ်မှတ်ပြီး FIU ရုံးသို့ ပေးပို့ရန် ဖြစ်ပါသည်။ သတင်းပေးပို့ရာတွင် သတင်းပို့ အဖွဲ့အစည်းများအနေဖြင့် စာတိုက်မှ ပေးပို့နိုင်သကဲ့သို့ အီလက်ထရောနစ် နည်းလမ်းဖြင့်လည်း ပေးပို့နိုင်ပါသည်။

(ဆ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအကဲဖြတ်မှုအတွက် စီမံခန့်ခွဲသည့် အစီအမံဆောင်ရွက်ချက်ကို ပြုစုထားရန်၊

<u>ဆုံးရှုံးနိုင်ခြေအကဲဖြတ်ဆောင်ရွက်ခြင်း</u>

(၁) ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများသည် နည်းပညာအသစ်များ သို့မဟုတ် ဝန်ဆောင်မှု အသစ်များနှင့် ချိတ်ဆက်ဖြစ်ပေါ်လာသော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများအားလုံးကို သတ်မှတ်ဖော်ထုတ်ခြင်း၊ စိစစ်အကဲဖြတ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကုစားခြင်းတို့အတွက် အစီအစဉ်များ ချမှတ်ထားရမည်။

(၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ သတ်မှတ်ဖော်ထုတ်ထားရပါမည်။

(က) ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ ဆုံးရှုံးနိုင်ခြေ၊

(ခ) တည်နေရာဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (မိမိဆက်သွယ်ဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်သည့် နေရာ သို့မဟုတ် နိုင်ငံများ သို့မဟုတ် လုပ်ငန်းဆောင်ရွက်ချက်များစတင်သည့် သို့မဟုတ် ပြီးဆုံးရောက်ရှိသည့် နေရာ/ အရပ်ဒေသ)၊

(ဂ) ဝန်ဆောင်မှုနှင့် ဆောင်ရွက်မှုများဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ (ဆက်သွယ် ဆောင်ရွက်သူ လုပ်ငန်းလုပ်သူများသို့ ပေးသည့် ဝန်ဆောင်မှုနှင့် ဆောင်ရွက်မှုဆိုင်ရာ ကမ်းလှမ်းချက်များမှ ပေါ်ပေါက်လာသည့် ဆုံးရှုံးနိုင်ခြေများ)၊

(ဃ) ဆက်သွယ်ဆောင်ရွက်သူများသို့ ဝန်ဆောင်မှုနှင့် ဆောင်ရွက်မှု ပေးပို့သည့် လမ်းကြောင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ။

<u>ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အကြောင်းအချက်အလက်များ</u> -

(၁) လုပ်ငန်းလုပ်သူ ဖောက်သည်နှင့်ပတ်သက်၍ ဆုံးရှုံးနိုင်ခြေများ-

(က) ပုံမှန်မဟုတ်သည့် အခြေအနေများတွင် လုပ်ငန်းဆက်သွယ်ဆောင်ရွက်ချက်များကို ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံသား မဟုတ်သည့် ဆက်သွယ်ဆောင်ရွက်သူများ၊

(ဂ) တတိယပုဂ္ဂိုလ် သို့မဟုတ် တဆင့်ဆောင်ရွက်သူ၏ ရရန်ပိုင်ခွင့်များကို စီမံခန့်ခွဲသည့် ဥပဒေဆိုင်ရာ အစီအစဉ်များ သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းများ၊

(ဃ) အစုရှယ်ယာပိုင်ရှင် သတ်မှတ်ထားရှိသည့် ကုမ္ပဏီ သို့မဟုတ် ကိုင်ဆောင်သူ အားပေးရမည့် ရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီများ၊

(င) ငွေသား အမြောက်အမြား သုံးစွဲသော ဆောင်ရွက်ချက်များ သို့မဟုတ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောင်ပံ့မှုအတွက် သံသယဖြစ်ဖွယ်များ၊

(စ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချက်သည် ဥပဒေနှင့် ညီညွတ်ခြင်း မရှိသော သို့မဟုတ် သိသာထင်ရှားစွာ စီးပွားရေး သဘောမဆန်သော အလွန်အမင်းရှုပ်ထွေးသည့် သို့မဟုတ် ပုံမှန်မဟုတ်သည့် အခြေအနေများ၊

(ဆ) ဥပဒေပုဒ်မ ၃၁ (က) အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ရမည့် အချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်း မရှိသည့် နိုင်ငံများဟု FIU က သတ်မှတ် ဖော်ထုတ်ထားသည့် နိုင်ငံများအတွင်း သို့မဟုတ် နိုင်ငံများနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊

(ဇ) PEP သို့မဟုတ် ၎င်းတို့နှင့် ဆက်စပ်မှုရှိသည့် ဆက်သွယ်ဆောင်ရွက်သူများ၊

(စျ) အလွန်အမင်း ကြွယ်ဝသော ဆက်သွယ် ဆောင်ရွက်သူများ သို့မဟုတ် ရပိုင်ခွင့် သို့မဟုတ် ဝင်ငွေအရင်းအမြစ်များ ရှင်းလင်းမှု မရှိသည့် ဆက်သွယ်ဆောင်ရွက်သူများ၊

(ည) FATF စစ်ဆေးမည့်သူ သို့မဟုတ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၊ FIU အဖွဲ့တို့က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (ML/TF) ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ မြင့်မားသည်ဟု သတ်မှတ် ဖော်ထုတ်ထားသည့် လုပ်ငန်းများနှင့် ဆောင်ရွက်ချက်များ။

(၂) နိုင်ငံ သို့မဟုတ် တည်နေရာ အနေအထားဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ-

(က) နိုင်ငံအချင်းချင်းအပြန်အလှန်သုံးသပ်အကဲဖြတ်ခြင်းအစီရင်ခံစာနှင့် အများပြည်သူသို့ ထုတ်ဝေသည့် နောက်ဆက်တွဲ အစီရင်ခံစာများကဲ့သို့သော ခိုင်မာသည့် အရင်းအမြစ်များအရ လုံလောက်သော ML / TF တိုက်ဖျက်ရေး စနစ်မရှိဟု ခွဲခြားသတ်မှတ်ခံထားရသော နိုင်ငံများ၊

(ခ) ဆုံးရှုံးနိုင်ခြေမြင့်မားသည့် နိုင်ငံများအဖြစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့ သို့မဟုတ် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့မဟုတ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သတ်မှတ်ဖော်ထုတ်ထားသည့် နိုင်ငံများ၊

(ဂ) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကဲ့သို့သော အဖွဲ့အစည်းများက ကုန်သွယ်မှု မပြုရန် တားမြစ်ပိတ်ပင်ချက်နှင့်အလားတူ အရေးယူဆောင်ရွက်ရန် ထုတ်ပြန်ခြင်းခံရသည့် နိုင်ငံများ၊

(ဃ) ရာဇဝတ်ပြစ်မှု ဖြစ်ပွားမှု သို့မဟုတ် အဂတိလိုက်စားမှု မြင့်မားသည့် နိုင်ငံများဖြစ်ကြောင်း ခိုင်မာသည့် အရင်းအမြစ်များအရ သတ်မှတ်ခံထားရသည့် နိုင်ငံများ၊

(င) အကြမ်းဖက် ဆောင်ရွက်မှုများကို ပံ့ပိုးကူညီသည် သို့မဟုတ် ငွေကြေးထောက်ပံ့သည် သို့မဟုတ် ၎င်းတို့၏ နိုင်ငံအတွင်း အကြမ်းဖက်အဖွဲ့များ လှုပ်ရှားဆောင်ရွက်နေသည်ဟု ခိုင်မာ

သည့် သတင်းအရင်းအမြစ်များအရ ခွဲခြားသတ်မှတ်ထားသည့် နိုင်ငံများ သို့မဟုတ် အရပ်ဒေသများ။

(၃) **ဝန်ဆောင်မှု၊ ဆောင်ရွက်မှု၊ လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် ဝန်ဆောင်မှု ဖြန့်ဖြူးသည့် လမ်းကြောင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ-**

(က) ပုဂ္ဂလိကအတွက် သီးသန့်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ၊

(ခ) မည်သူမည်ဝါမှ ဆောင်ရွက်ကြောင်းမသိရှိနိုင်သော၊ အထောက်အထားခိုင်မာစွာမဖော်ပြနိုင်သော (Anonymous Transactions) လုပ်ငန်းဆောင်ရွက်မှုများ၊

(ဂ) မည်သူမည်ဝါဟု သတ်မှတ်ဖော်ထုတ်နိုင်ရန် အကောင်အထည်ဖော်ပြနိုင်ခြင်း မရှိသည့် ဆက်သွယ် ဆောင်ရွက်သူများသို့ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများ၊

(ဃ) ဆက်သွယ်ပါတ်သက်ခြင်းမရှိသော သို့မဟုတ် မည်သူမည်ဝါဟု သိရှိခြင်း မရှိသော တတိယလူပုဂ္ဂိုလ်များထံမှ လက်ခံရရှိသည့် ငွေပေးချေမှုများ၊

(င) ရှုတ်ထွေးသည့် ကုန်သွယ်မှုအတွက် ငွေကြေးဖြည့်ဆည်းပေးသည့် ဝန်ဆောင်မှုများ။

(၆) **ဆုံးရှုံးနိုင်ခြေမြင့်မားသောလုပ်ငန်း ဆက်သွယ်ဆောင်ရွက်သူအပေါ် ပိုမိုအလေးထားစိစစ်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊**

(၁) ရှုတ်ထွေးပြီး ပုံမှန်မဟုတ်သော ပမာဏကြီးသည့် လုပ်ငန်းဆောင်ရွက်ချက်အားလုံးနှင့် စီးပွားရေးသဘောမဆန်သော သို့မဟုတ် ဥပဒေအရ ခြေခြေမြစ်မြစ်မရှိသော ပုံမှန်မဟုတ်သည့် လုပ်ငန်းဆောင်ရွက်ချက်များအားလုံးတို့၏ နောက်ခံအကြောင်းအရင်းနှင့် ရည်ရွယ်ချက်များကိုဖြစ်နိုင်သမျှ ကျိုးကြောင်းခိုင်လုံစွာ စစ်ဆေးခြင်း၊

(၂) လုပ်ငန်းဆောင်ရွက်ချက်များသည် သံသယဖြစ်ဖွယ် သို့မဟုတ် ပုံမှန်မဟုတ်သော ဆောင်ရွက်ချက်များ ဟုတ်/မဟုတ် သတ်မှတ်နိုင်ရန်အလို့ငှာ ၎င်းတို့နှင့် စပ်လျဉ်းသည့် စီးပွားရေး ဆက်သွယ် ချက်များအား စောင့်ကြပ်ကြည့်ရှုခြင်း၏ အတိုင်းအတာနှင့် သဘာဝကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(၃) ဆက်သွယ်ဆောင်ရွက်သူများထံမှ သတင်းအချက်အလက်များ ထပ်မံရယူခြင်း (ဥပမာ ဆက်သွယ်ဆောင်ရွက်သူ၏ အလုပ်အကိုင်၊ ရပိုင်ခွင့်ပမာဏ) နှင့် ဆက်သွယ်ဆောင်ရွက်သူနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တို့၏ အထောက်အထား အချက်အလက်များကို ပုံမှန်ထက်ပို၍ အချိန်နှင့်တပြေးညီရယူခြင်း၊

(၄) ဆောင်ရွက်ရန် ရည်ရွယ်သည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချက်၏ သဘောသဘာဝဆိုင်ရာ သတင်းအချက်အလက်အား ထပ်မံရယူခြင်း၊

(၅) ဆက်သွယ်ဆောင်ရွက်သူ၏ ရရန်ပိုင်ခွင့်အရင်းအမြစ် သို့မဟုတ် ငွေကြေးအရင်းအမြစ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ရယူခြင်း၊

(၆) ဆောင်ရွက်ပြီး သို့မဟုတ် ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် အကြောင်းအရင်းများ၊ သတင်းအချက်အလက်များ ရယူခြင်း၊

(၇) လုပ်ငန်းဆက်သွယ် ဆောင်ရွက်ချက် စတင်ရန် သို့မဟုတ် ဆက်လက်ဆောင်ရွက်ရန် သို့မဟုတ် စတင်ရန် အဆင့်မြင့်စီမံခန့်ခွဲသူများ၏ သဘောတူညီချက်ရယူခြင်း၊

(၈) ဆက်လက်စုံစမ်းစစ်ဆေးရန် လိုအပ်သည့်လုပ်ငန်း ဆောင်ရွက်ချက် ပုံစံများ ရွေးချယ်ခြင်းနှင့် လိုက်နာကျင့်သုံးလျက်ရှိသည့် ထိန်းချုပ်ကွပ်ကဲမှု အချိန်ကာလနှင့် အကြိမ်အရေအတွက်ကို တိုးမြှင့်ခြင်းအားဖြင့် လုပ်ငန်းဆက်သွယ်ဆောင်ရွက်ချက်များ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(၉) ဆုံးရှုံးနိုင်ခြေမြင့်မားသော လုပ်ငန်းစာရင်းများ၊ နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများအပေါ် အထူးအလေးပေး စိစစ်အကဲဖြတ်မှု အစီအစဉ်အား ပြင်ဆင်ထားရန်၊ ယင်းတို့၏ မိသားစုဝင်အမည်များ၊ အလုပ်အကိုင်၊ မှတ်ပုံတင်အမှတ်နှင့် ငွေစီးဝင်မှု ငွေစီးထွက်မှုစသည့်ငွေပေးငွေယူ လုပ်ဆောင်ချက်များကို အမြဲမပြတ် စောင့်ကြည့်ခြင်း၊ မှတ်တမ်းယူခြင်း၊

(၁၀) နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများအပေါ် အထူးအလေးပေးစိစစ်အကဲဖြတ်မှု အစီအစဉ်အား ပြင်ဆင်ထားမှု မှတ်တမ်းထားရှိခြင်း၊ **နောက်ဆက်တွဲ (c)**

(ဈ) **AML/CFT လိုက်နာရန် ရေးဆွဲထားသည့် မူဝါဒ၊ အစီအစဉ်များကို ဒါရိုက်တာအဖွဲ့မှ အတည်ပြုရေးသား ပြုစုထားရန်၊ နောက်ဆက်တွဲ (စ)**

ဥပဒေပုဒ်မ ၂၈ နှင့်အညီ ရေးဆွဲထားရမည့် AML/CFT မူဝါဒဆိုသည်မှာ "AML/CFT ဆိုင်ရာ ထုတ်ပြန်ထားသည့် ဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ နည်းဥပဒေ များကို လိုက်နာဆောင်ရွက် ပြီးစီးမှုအခြေအနေ (၃)လတစ်ကြိမ် အစီရင်ခံစာအား AML/CFT ကြီးကြပ်သူထံ တင်ပြရမည်ဖြစ်ကြောင်းနှင့် ဆုံးရှုံးနိုင်ခြေအကဲဖြတ်မှုအား (၃)နှစ်တစ်ကြိမ် ဆောင်ရွက်ထားရမည်"၊ မလိုက်နာပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများအရ အရေးယူအပြစ်ပေးခြင်းခံရမည်ဟု မိမိတို့၏လုပ်ငန်းတွင်ညွှန်ကြား ချက်ထုတ်ပြန်ထားရမည်ဖြစ်ပြီး ဝန်ထမ်းများမှ လိုက်နာပါမည်ဖြစ်ကြောင်း လက်မှတ်ထိုး၍ မှတ်တမ်းရယူထားရပါမည်။ AML/CFT လုပ်ထုံးလုပ်နည်း AML/CFT Procedure ကို ဖြန့်ဝေထားသည့်အတိုင်း လိုက်နာရန်၊

(ည) **မှတ်တမ်းထိန်းသိမ်းခြင်း ဆောင်ရွက်ရန်၊**

မှတ်တမ်းထိန်းသိမ်းခြင်းဆိုရာတွင် သတင်းပို့အဖွဲ့အစည်းများသည် မိမိနှင့် စီးပွားဆက်သွယ်ဆက်ဆံမှုဆိုင်ရာ မှတ်တမ်းများ၊ ငွေကြေး/ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုဆိုင်ရာမှတ်တမ်းများ၊ ငွေကြေးခဝါချမှုဆိုင်ရာ အန္တရာယ်ရှိနိုင်ခြေအကဲဖြတ်ချက်များ၊လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများအား သတ်မှတ်ဖော်ထုတ်အတည်ပြုထားသည့် သက်ဆိုင်ရာ စာတမ်းအမှတ်အသားများကို ပီသစွာရေးသား မှတ်တမ်းတင်ထားသည့် ဖိုင်မိတ္တူများဖြင့် ရယူသိမ်းဆည်းထားရမည်။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ခဲ့မှု မှတ်တမ်းများကို အနည်းဆုံးငါးနှစ်ကြာသည်အထိ ထိန်းသိမ်းထားရှိရမည်။ ယင်းမှတ်တမ်းများသည် လွှဲပြောင်းဆောင်ရွက်မှု တစ်ခုစီကို ပြန်လည်ဆက်စပ်ဖော်ထုတ်နိုင်သည်အထိ ပြည့်စုံရမည်။

၃။ ပြစ်ဒဏ်နှင့် အရေးယူဆောင်ရွက်မှုများ

မလိုက်နာသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ၊ အာမခံလုပ်ငန်းများ၊ ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း

လုပ်ငန်းများသည် ဥပဒေအခန်း ၁၁ နှင့် ပုဒ်မ ၃၇ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် အရေးယူ ဆောင်ရွက်မှုနှင့် ပြစ်ဒဏ်များကို ကျခံရမည် ဖြစ်ပါသည်။

ဒေါက်တာကြည်ကြည်ဝင်း

အဖွဲ့ခေါင်းဆောင်၊

အုပ်စုလိုက်ပူးပေါင်းကြီးကြပ်ရေးကော်မတီ

နောက်ဆက်တွဲ (က)

လုပ်ငန်းနှင့် ဆက်သွယ်လုပ်ကိုင်သူ၏ အကြောင်းအရာထားရှိမှု မှတ်တမ်း

စဉ်	လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ အကြောင်းအရာ					
	အမည်	ရာထူး	မှတ်ပုံတင် / ပတ်စ်پို့စ် အမှတ်	ဝင်ငွေရရှိရာ ဇာစ်မြစ်	ဖုန်း နံပါတ်	ဆက်သွယ်ရန် လိပ်စာ
၁။	ပိုင်ရှင်					
၂။	ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများ					
၃။	အစုရှယ်ယာရှင်များ					
၄။	အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များ					
၅။	နိုင်ငံရေးအရသြဇာတိက္ကမ ရှိသူများ					
၆။	ဥပဒေအရယုံကြည်စွာအပ်နှံ၍ လုပ်ကိုင်ခွင့်ရသူပုဂ္ဂိုလ်					
၇။	ဖောက်သည်များ					

နောက်ဆက်တွဲ (ခ)

ငွေပေးငွေယူဆိုင်ရာ သတင်းအချက်အလက်ပေးပို့ခြင်းကို ဆောင်ရွက်ပေးမည့် တာဝန်ခံဆောင်ရွက် မည့်သူ အရာရှိမှတ်တမ်း

စဉ်	အကြောင်းအရာ					
	အမည်	မှတ်ပုံတင် အမှတ်	ပညာ အရည်အချင်း	ဖုန်းနံပါတ်	ဆက်သွယ် ရန်လိပ်စာ	တာဝန် ဝတ္တရား
၁။	ဆောင်ရွက်မည့် သူအရာရှိ		AML/CFTဆိုင်ရာ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိရန်			
၂။	ဆောင်ရွက်မည့် သူအရာရှိ(အသစ်)					

နောက်ဆက်တွဲ (ဂ)

ငွေစာရင်းပိုင်းထားရှိမှု မှတ်တမ်း

စဉ်	အကြောင်းအရာ	(၃) လ တစ်ကြိမ်	(၆) လ တစ်ကြိမ်	(၁) နှစ် တစ်ကြိမ်	အစီရင်ခံစာ မှတ်တမ်းတင်ပြ ပြီး/မပြီး တင်ပြသည့် ရက်စွဲ
၁။	ဌာနတွင်းစာရင်းစစ် အဖွဲ့ (ဦးရေ)				
၂။	မိမိဌာနတွင်း စစ်ဆေးထားရှိမှု				
၃။	ပြင်ပစာရင်းကိုင်ဖြင့် စာရင်းစစ်ဖြင့် စစ်ဆေးထားရှိမှု				

နောက်ဆက်တွဲ (ဃ)

AML/CFT ဆိုင်ရာ သင်တန်းပို့ချခြင်း တက်ရောက်ခြင်း ဆောင်ရွက်ချက် မှတ်တမ်း

စဉ်	အကြောင်းအရာ			
	သင်တန်း အမည်နှင့် ကျင်းပသည့် နေရာ	သင်တန်းပို့ချသည့် ဌာနအမည်နှင့် ရက်စွဲ	ဌာနတွင်းသင်တန်း/ ပြင်ပသင်တန်း တက်ရောက်ခဲ့သည့် (ဦးရေ)	ဌာနတွင်းသင်တန်း / ပြင်ပသင်တန်း တက်ရောက်ခဲ့သည့် (--- မှ --- ထိ) အကြိမ် အရေအတွက်
၁။				
၂။				

နောက်ဆက်တွဲ (c)

နိုင်ငံရေးအရသြဇာတိက္ကမရှိသူများအပေါ် အထူးအလေးပေးစိစစ် အကဲဖြတ်မှု အစီအစဉ်အား ပြင်ဆင်ထားမှုမှတ်တမ်း

စဉ်	အကြောင်းအရာ				ဖုန်းနံပါတ်
	အမည်	မိသားစုဝင်အမည် နှင့် တော်စပ်ပုံ	အလုပ်အကိုင်	နေရပ်လိပ်စာ	
၁။					
၂။					

နောက်ဆက်တွဲ (စ)

AML/CFT မူဝါဒ၊ အစီအစဉ်များအား လိုက်နာမှုမှတ်တမ်း

	အကြောင်းအရာ			
စဉ်	**လိုက်နာရန် ရေးဆွဲထားသည့် AML/CFT မူဝါဒ၊ အစီအစဉ်များကို ဝန်ထမ်းများအား ရှင်းလင်းသည့် အကြိမ်အရေအတွက်** (--- မှ --- ထိ)	**AML/CFT မူဝါဒ၊ အစီအစဉ်များကို ရှင်းလင်းသည့် နေရာနှင့် ရက်စွဲ**	**တက်ရောက်ခဲ့သည့် ဝန်ထမ်း(ဦးရေ)**	**လိုက်နာရန် ပျက်ကွက်မှုကြောင့် အရေးယူခဲ့သည့် အကြိမ်အရေအတွက်**
(၁)				
(၂)				